# ASSOCIATION OF BURMESE STUDENTS

**SAN FRANCISCO BAY AREA (ABSSF)**

**2395 26th Ave # 3, SF, CA 94116. Ph: 925 238 5672/ (415)203-0541**

**Civic Center Post Office, Po box 254 Oakland, CA94612**


## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ပြန် ကြေညာခဲ့သော ပြည်သူများသို့ ပန်ကြားချက် နှင့် (နအဖ) စစ်အုပ်စု၏ (၂၀၁၀) ရွေးကောက်ပွဲနှင့် ပါတ်သက်၍ မြန်မာကျောင်းသားများအစည်းအရုံး(ဆန်ဖရန်စစ္စကို-ဗေးဧရိယာ)၏ သဘောထားထုတ်ပြန်ကြေညာချက်။

**၁/၂၀၁၀**

သက္ကရာဇ်၂၀၁၀ခုနှစ် ဧပြီလ(၇)ရက်

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၂၀၁၀)ခုနှစ်ဧပြီလ (၆) ရက်နေ့ တွင်ထုတ်ပြန် ကြေညာခဲ့သော ပြည်သူများသို့ ပန်ကြားချက်ပါ အချက်များအားလုံး အထူးသဖြင့် နံပါတ်(၆)ပါ တောင်းပန်ချက်ကို အပြည့်အဝ နားလည် လက်ခံကြိုဆိုသည်။ (၂၀၁၀)ခုနှစ်မတ်လ(၂၉)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ဗဟိုကော်မီတီအစည်းအဝေး ဆုံးဖြတ်ချက်အား အပြည့်အဝထောက်ခံသည်။

၂။ (နအဖ)စစ်အစိုးရသည် (၁၉၉၀)ရွေးကောက် ပွဲမှရွေးချယ်ခံခဲ့ရသည့် ပြည်သူ့ကိုယ်စားလှယ် (၂၀)ဦးခန့်သာ ကျန်ရှိပါဝင်ခဲ့ပြီး (၁၃)နှစ်ကြာကျင်းပပြုလုပ်ခဲ့ရသည့် အတုအယောင်အမျိုးသားညီလာခံတွင် ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား (၂၀၀၈)ခုနှစ် မေလတွင် နာဂစ်မုန်တိုင်းအတွင်း သေကြေခဲ့ရသော ပြည်သူတစ်သိန်းခွဲကျော်တို့၏ ဘဝများကို လှစ်လျူရှုကာ အဓမ္မအတည်ပြု ခဲ့ပြီး (၂၀၁၀)ခုနှစ်တွင် ရွေးကောက်ပွဲ အသစ်တခုကျင်းပမည်ဟု ထုတ်ပြန်ကျေညာခဲ့သည်။

၃။ (၂၀၁၀)ခုနှစ်မတ်လ(၈)ရက်နေ့တွင် ရွေးကောက်ပွဲဥပဒေ(၅)ချက်ကို ၎င်းတို့ အလိုကျ ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းဥပဒေများသည် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများကို တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် ချုပ်ကိုင်ကာ တဖက်သပ်ရေးဆွဲထားသည့် ဥပဒေများဖြစ်သည်။ အဓိကအားဖြင့် (၁၉၉၀)ရွေးကောက်ပွဲရလာဒ်အား၎င်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင် အပါအဝင်နိုင်ငံရေးအကျဉ်းသား (၂၀၀၀)ကျော်တို့အား မြန်မာ့နိုင်ငံရေးစဉ်မြင့်မှ လုံးဝ ဖယ်ရှား လိုက်ခြင်း ပင်ဖြစ်သည်။

၄။ (၂၀၀၈)ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံသည် ဥပဒေကြောင်းအရ ဒီမိုကရေစီနှင့်လျော်ကန်သင့်မြတ်ခြင်း မရှိသလို ပြည်သူတို့၏ အခြေခံလူ့အခွင့်အရေးများ၊ တိုင်းရင်းသားတို့၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့အား အာမခံချက် ပေးထားခြင်းလုံးဝ မရှိပေ။ ထို့အတူ တဖက်သက် ရေးဆွဲထားသည့် ရွေးကောက်ပွဲဥပဒေများဖြင့် ကျင်းပပြုလုပ်မည့် (၂၀၁၀)ရွေးကောက်ပွဲသည်လည်း မည်သည့်နည်းနှင့်မျှ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ မဖြစ် နိုင်သည်မှာ အထင်အရှားပင် ဖြစ်သည်။

၅။ သို့ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့မြန်မာကျောင်းသားများအစည်းအရုံး(ဆန်ဖရန်စစ္စကို-ဗေးဧရိယာ)အနေဖြင့် စစ်အုပ်စုကို တရားဝင်စေ၍ စစ်အာဏာရှင်စံနစ်အား ထာဝရသက်ဆိုးရှည်စေမည့် (၂၀၀၈)ခုနှစ်ဖွဲ့စည်းပုံကို အခြေခံသော (၂၀၁၀) ရွေးကောက် ပွဲအား ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချသည့်အပြင် နည်းမျိုးစုံဖြင့်တိုက်ဖျက်သွားမည်ဖြစ်သည်။

၆။ (၁၉၉၀) ရွေးကောက်ပွဲရလာဒ်အား အခြေမခံသော မည်သည့်နိုင်ငံရေးပြောင်းလည်းမှု ကိုမျှ လက်ခံမည်မဟုတ်ဘဲ စစ်အာဏာရှင်စံနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ ပြည်နယ်ပေါင်းစု ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများ တိုင်းရင်းသားနောင်တော်များ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းများနှင့်လက်တွဲ၍ နည်းမျိုးစုံဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။



**မြန်မာကျောင်းသားများအစည်းအရုံး(ဆန်ဖရန်စစ္စကို-ဗေးဧရိယာ)**

**(925) 238 5672 / (415)203-0541**